ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ(၂) အမှတ် (၃၀) ၂၀၂၄ ခုနှစ် ဩဂုတ်လ ၉ ရက်

## မာတိကာစဉ်


| | | |
|---|---|---|
| ၁။ | မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ဖော်ပြလျက်ရှိသောဥပဒေ သတင်းအချက်အလက်များ။ | ၂-၅ |
| ၂။ | တီထွင်မှုမူပိုင်ခွင့် သို့မဟုတ် အသေးစားတီထွင်မှုမူပိုင်ခွင့် မှတ်ပုံတင်ခြင်းဆိုင်ရာ ကိစ္စရပ်များနှင့် တီထွင်မှုမူပိုင်ခွင့် အကျိုးဆောင်ကိုယ်စားလှယ် မှတ်ပုံတင် လျှောက်ထားခြင်းဆိုင်ရာ ကိစ္စရပ်များအတွက် လိုအပ်သောလျှောက်လွှာပုံစံများ သတ်မှတ်ခြင်း အမိန့်ကြော်ငြာစာနှင့်စပ်လျဉ်းသည့် သတင်းစဉ်။ | ၆-၈ |
| ၃။ | အိန္ဒိယနိုင်ငံတွင် Cryptocurrencies နှင့်စပ်လျဉ်း၍ ဆောင်ရွက်နေမှုများကိုလေ့လာ တင်ပြခြင်း။ | ၉-၁၀ |
| ၄။ | ဖိလစ်ပိုင်နိုင်ငံက နျူကလီးယားပျက်စီးမှုဆိုင်ရာဖြည့်စွက်လျော်ကြေးငွေကွန်ဗင်းရှင်း တွင် ဝင်ရောက်ရန် ဆွေးနွေးလျက်ရှိခြင်း။ | ၁၁-၁၂ |

## မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ဖော်ပြလျက်ရှိသော ဥပဒေသတင်းအချက်အလက်များ

ဥပဒေရေးရာဝန်ကြီးဌာနက ဝန်ဆောင်မှုများပေးနေသော မြန်မာဥပဒေသတင်းအချက်အလက်စနစ်(MLIS)တွင် ယခုသီတင်းပတ်အတွင်း စက်မှုလုပ်ငန်းနှင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီက ထုတ်ပြန်ထားသည့် ကချင်ပြည်နယ်စက်မှုဇုန်များ ဖော်ဆောင်ရေးနှင့်ကြီးကြပ်ရေးကော်မတီဖွဲ့စည်းခြင်းအမိန့်ကြော်ငြာစာ၊ ကယားပြည်နယ်စက်မှုဇုန်များဖော်ဆောင်ရေးနှင့်ကြီးကြပ်ရေးကော်မတီဖွဲ့စည်းခြင်းအမိန့်ကြော်ငြာစာ၊ ကရင်ပြည်နယ်စက်မှုဇုန်များ ဖော်ဆောင်ရေးနှင့်ကြီးကြပ်ရေးကော်မတီဖွဲ့စည်းခြင်းအမိန့်ကြော်ငြာစာ၊ ချင်းပြည်နယ်စက်မှုဇုန်များဖော်ဆောင်ရေးနှင့်ကြီးကြပ်ရေးကော်မတီဖွဲ့စည်းခြင်း အမိန့်ကြော်ငြာစာ၊ စစ်ကိုင်းတိုင်းဒေသကြီးစက်မှုဇုန်များ ဖော်ဆောင်ရေးနှင့်ကြီးကြပ်ရေးကော်မတီဖွဲ့စည်းခြင်း အမိန့်ကြော်ငြာစာ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ကထုတ်ပြန်သည့် ရှေ့နေချုပ်နှင့်ဒုတိယရှေ့နေချုပ်ခန့်ထားခြင်း အမိန့်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီကထုတ်ပြန်သည့် ရှေ့နေချုပ်ခန့်ထားခြင်း အမိန့်၊ နိုင်ငံတော်သမ္မတရုံးကထုတ်ပြန်သည့် ပြည်ထောင်စုရှေ့နေချုပ်ခန့်အပ် တာဝန်ပေးခြင်းအမိန့်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ကထုတ်ပြန်သည့် ဝန်ထမ်း၏ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့်မဟုတ်ဘဲ မမျှော်မှန်းနိုင်သည့်အခြေအနေကြောင့် အလုပ်ခွင်မှကင်းကွာနေသောဝန်ထမ်း၊ ဌာနသို့ပြန်လည်ရောက်ရှိသတင်းပို့လာသည့် ဝန်ထမ်း၊ အလုပ်ခွင်မှကင်းကွာနေစဉ် သေဆုံးသည့်ဝန်ထမ်းများ၏ ဝန်ထမ်းရေးရာခံစားခွင့်များရရှိနိုင်ရေးဆောင်ရွက်ရာတွင် ဝန်ကြီးဌာန၊ အဖွဲ့အစည်းများအနေဖြင့် တစ်ပြေးညီဆောင်ရွက်ရမည့်လုပ်ထုံးလုပ်နည်းများ အမိန့်ကြော်ငြာစာတို့ကို အများပြည်သူများလွယ်လင့်တကူ ကြည့်ရှုနိုင်ရန် ဖော်ပြဝန်ဆောင်မှုပေးထားပါသည်။

ပြည်ထောင်စုရာထူးဝန်အဖွဲ့ကနိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၇၆၊ ပုဒ်မခွဲ(ခ)အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ၁.၈.၂၀၂၄ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၆၉/၂၀၂၄ ဖြင့် ဝန်ထမ်း၏ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့်မဟုတ်ဘဲ မမျှော်မှန်းနိုင်သည့်အခြေအနေကြောင့် အလုပ်ခွင်မှ

ကင်းကွာနေသောဝန်ထမ်း၊ ဌာနသို့ပြန်လည်ရောက်ရှိ သတင်းပို့လာသည့် ဝန်ထမ်း၊ အလုပ်ခွင်မှ ကင်းကွာနေစဉ် သေဆုံးသည့်ဝန်ထမ်းများ၏ ဝန်ထမ်းရေးရာခံစားခွင့်များရရှိနိုင်ရေးဆောင်ရွက်ရာတွင် ဝန်ကြီးဌာန၊ အဖွဲ့အစည်းများအနေဖြင့် တစ်ပြေးညီ ဆောင်ရွက်ရမည့်လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်သတ်မှတ်ခဲ့ပါသည်။

ဤအမိန့်ကြော်ငြာစာတွင် ဝန်ထမ်း၏ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့်မဟုတ်ဘဲ မမျှော်မှန်းနိုင်သည့်အခြေအနေကြောင့် အလုပ်ခွင်မှကင်းကွာနေသည့်ဝန်ထမ်း၊ အလုပ်ခွင်မှကင်းကွာနေပြီး ဌာနသို့ပြန်လည်ရောက်ရှိသတင်းပို့လာသည့်ဝန်ထမ်းနှင့်အလုပ်ခွင်မှ ကင်းကွာနေစဉ် သေဆုံးသည့်ဝန်ထမ်းများ၏ ဝန်ထမ်းရေးရာခံစားခွင့်ရရှိနိုင်ရေးဆောင်ရွက်နိုင်ရန် ထုတ်ပြန်ထားခြင်းဖြစ်ပါသည်။

ဝန်ထမ်း၏ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့်မဟုတ်ဘဲ မမျှော်မှန်းနိုင်သည့်အခြေအနေကြောင့် အလုပ်ခွင်မှကင်းကွာနေသည့်ဝန်ထမ်း၊ အလုပ်ခွင်မှကင်းကွာနေပြီး ဌာနသို့ ပြန်လည်ရောက်ရှိ သတင်းပို့လာသည့်ဝန်ထမ်းနှင့်အလုပ်ခွင်မှကင်းကွာနေစဉ် သေဆုံးသည့် ဝန်ထမ်းများနှင့်စပ်လျဉ်း၍အကြောင်းအရင်းမှန်ကိုသိရှိနိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနနှင့်အဖွဲ့အစည်းများမှ ပျောက်ဆုံးကြောင်းသိရှိသည့်နေ့ သို့မဟုတ် ပျောက်ဆုံးသည်ဟု ယူဆဖွယ်ရှိသည့် အထောက်အထားရရှိသည့်နေ့မှစ၍ တစ်လအတွင်း ရှေးဦးစုံစမ်းမှုကိုစစ်ဆေးဆောင်ရွက်ပြီး တွေ့ရှိရသည့်အချက်များအရ ဌာနဆိုင်ရာစစ်ဆေးရန်လိုအပ်ကြောင်း ခိုင်လုံစွာတွေ့ရှိရလျှင် နှစ်လအတွင်း ဌာနဆိုင်ရာစစ်ဆေးမှုကို ဝန်ကြီးဌာနနှင့်အဖွဲ့အစည်းအကြီးအမှူး သို့မဟုတ် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးက တာဝန်ပေးအပ်ဆောင်ရွက်ရမည်ဖြစ်ပြီး ရှေးဦးစုံစမ်းရေးအဖွဲ့၏အစီရင်ခံစာကိုအဖွဲ့ဖြင့် စိစစ်လေ့လာသုံးသပ်ချက် သို့မဟုတ် နည်းဥပဒေ ၂၀၄ ပါ ပြဋ္ဌာန်းချက်နှင့်အညီ ဌာနဆိုင်ရာစစ်ဆေးရေးအဖွဲ့၏ အစီရင်ခံစာအပေါ်စိစစ်သုံးသပ်၍ အဆုံးအဖြတ်ပေးနိုင်ရေးအဖွဲ့၏စိစစ်သုံးသပ်ချက်များအရ ဝန်ထမ်းသည် မရိုးသားခြင်း၊ နိုင်ငံတော်အပေါ် သစ္စာစောင့်သိမှု မရှိခြင်း၊ မြန်မာနိုင်ငံအစိုးရလျှို့ဝှက်ချက်အက်ဥပဒေပါပြဋ္ဌာန်းချက်များနှင့်ငြိစွန်းခြင်း၊ နိုင်ငံတော်လုံခြုံရေးနှင့်တရားဥပဒေစိုးမိုးရေးကို ထိခိုက်စေသည့်လှုပ်ရှားမှုတစ်ခုခုတွင်ပါဝင်ခြင်း သို့မဟုတ် လှုံ့ဆော်ခြင်း သို့မဟုတ် အားပေးကူညီခြင်း

တို့ကိုကျူးလွန်ကြောင်း စစ်ဆေးတွေ့ရှိရပါက အဆိုပါဝန်ထမ်းကို နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၅၃ ပါ ဝန်ထမ်းစည်းကမ်းဆိုင်ရာပြစ်ဒဏ်များချမှတ်နိုင်ရေးအပြင် နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၃၈ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊နည်းဥပဒေ ၁၆၈တို့ပါပြဋ္ဌာန်းချက်များနှင့်အညီ ဥပဒေကြောင်းအရအရေးယူရမည့်ကိစ္စဖြစ်ပါက ဥပဒေကြောင်းအရ အရေးယူနိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနနှင့်အဖွဲ့အစည်းက ဆောင်ရွက်ရမည်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

သို့သော် စိစစ်သုံးသပ်ချက်များအရ ဝန်ထမ်းသည် အဆိုပါအချက်များကျူးလွန်မှု မရှိကြောင်း စစ်ဆေးတွေ့ရှိရပါက ပျောက်ဆုံးနေသောဝန်ထမ်း၏အမွေဆက်ခံခွင့်ရှိသော မိသားစုဝင်များကို ပျောက်ဆုံးကြောင်းသိရှိသည့်နေ့ သို့မဟုတ် ပျောက်ဆုံးသည်ဟုယူဆဖွယ်ရှိသည့် အထောက်အထား ရရှိသည့်နေ့မှစ၍ ခြောက်လအထိဝန်ထမ်းလက်ရှိခံစားနေသော လစာနှုန်းပြည့်နှင့် စရိတ်ခံစားခွင့်ပြု နိုင်ရေးနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာန သို့မဟုတ် အဖွဲ့အစည်း၏စီမံခန့်ခွဲရေးကော်မတီနှင့် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့တို့၏သဘောတူညီချက်ဖြင့် စီမံကိန်း နှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနှင့်ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးတို့၏ သဘောထားမှတ်ချက်များရယူ၍ ယင်းသဘောထားမှတ်ချက်များနှင့်အတူ ပြည်ထောင်စုရာထူးဝန်အဖွဲ့သို့ပေးပို့၍ ပြည်ထောင်စု ရာထူးဝန်အဖွဲ့၏သဘောထားမှတ်ချက်ရယူရမည်ဖြစ်ပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့က နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများနှင့် ညီညွတ်မှု ရှိ မရှိ စိစစ်၍ သဘောထားမှတ်ချက် ပြန်ကြားရမည်ဖြစ်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနနှင့်အဖွဲ့အစည်းက ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြခွင့်ပြုချက်ရယူရမည်ဖြစ်သည်။

ထို့ပြင် အလုပ်ခွင်မှ ကင်းကွာနေသည့်ဝန်ထမ်းသည် တစ်နှစ်ပြည့်သည်အထိ ပြန်လည်ရောက်ရှိခြင်းမရှိပါက သေဆုံးကြောင်းမှတ်ယူပြီး မိသားစုအထူးပင်စင်ခံစားခွင့်ပြုနိုင်ရေးဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ အလုပ်ခွင်မှ ကင်းကွာနေပြီး ဌာနသို့ပြန်လည်ရောက်ရှိသတင်းပို့လာသည့်ဝန်ထမ်းများအတွက်ဥပဒေနှင့်ငြိစွန်းခြင်း ရှိ မရှိ အမှုကိစ္စတစ်ခုချင်းအလိုက် စိစစ်တင်ပြရမည်ဖြစ်ကြောင်း၊ အလုပ်ခွင်မှကင်းကွာနေစဉ် သေဆုံးသည့်ဝန်ထမ်းနှင့်စပ်လျဉ်း၍ ဝန်ထမ်းသေဆုံးသည့်အထောက်

အထားများအရ အမွေဆက်ခံခွင့်ရှိသောမိသားစုဝင်များအား မိသားစုအထူးပင်စင်ခွင့်ရှိပြီး ဝန်ထမ်းပြန်လည်တွေ့ရှိပါက မိသားစုပင်စင်အကျိုးခံစားခွင့်ရှိသူမှထုတ်ယူခဲ့သော ပင်စင်လစာငွေနှင့်လုပ်သက်ဆုငွေတို့ကို တစ်လုံးတည်း ပြန်လည်ပေးသွင်းရမည်ဖြစ်ကြောင်းနှင့် ဝန်ထမ်း၏ကင်းကွာနေသည့်ကာလအတွင်းရရှိခံစားထိုက်သော လစာနှုန်းပြည့်နှင့်စရိတ်ခံစားခွင့် ပြန်လည်ရရှိရေးအတွက် ဆောင်ရွက်ပေးရမည်ဖြစ်ပြီး အရေးယူဆောင်ရွက်ရမည့်ကိစ္စရပ်များအတွက် အထူးကိစ္စရပ်အနေဖြင့် ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း သတ်မှတ်ထားသည်ကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ဝန်ထမ်း၏ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့်မဟုတ်ဘဲ မမျှော်မှန်းနိုင်သည့်အခြေအနေကြောင့် အလုပ်ခွင်မှကင်းကွာနေသောဝန်ထမ်း၊ ဌာနသို့ပြန်လည်ရောက်ရှိသတင်းပို့လာသည့် ဝန်ထမ်း၊ အလုပ်ခွင်မှကင်းကွာနေစဉ် သေဆုံးသည့်ဝန်ထမ်းများ၏ ဝန်ထမ်းရေးရာခံစားခွင့်များရရှိနိုင်ရေးဆောင်ရွက်ရာတွင် ဝန်ကြီးဌာန၊ အဖွဲ့အစည်းများအနေဖြင့် တစ်ပြေးညီ ဆောင်ရွက်ရမည့်လုပ်ထုံးလုပ်နည်းများကို MLIS Website တွင် အကျယ်တဝင့်ဝင်ရောက်လေ့လာ ဖတ်ရှုနိုင်ပါသည်။

e-Government ဌာနခွဲ

ဝန်ကြီးရုံး

ဥပဒေရေးရာဝန်ကြီးဌာန

ဥပဒေရေးရာဝန်ကြီးဌာန
အပတ်စဉ်သတင်းလွှာ
အတွဲ(၂) အမှတ် (၃၀) ၂၀၂၄ ခုနှစ် ဩဂုတ်လ ၉ ရက်

# တီထွင်မှုမူပိုင်ခွင့် သို့မဟုတ် အသေးစားတီထွင်မှုမူပိုင်ခွင့် မှတ်ပုံတင်ခြင်းဆိုင်ရာကိစ္စရပ်များနှင့် တီထွင်မှုမူပိုင်ခွင့်အကျိုးဆောင်ကိုယ်စားလှယ် မှတ်ပုံတင်လျှောက်ထားခြင်းဆိုင်ရာကိစ္စရပ်များ အတွက် လိုအပ်သောလျှောက်လွှာပုံစံများသတ်မှတ်ခြင်း အမိန့်ကြော်ငြာစာနှင့်စပ်လျဉ်းသည့် သတင်းစဉ်

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် တီထွင်မှုမူပိုင်ခွင့်ဥပဒေပုဒ်မ ၁၁၉ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၂) အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ တီထွင်မှုမူပိုင်ခွင့် သို့မဟုတ် အသေးစားတီထွင်မှုမူပိုင်ခွင့်မှတ်ပုံတင်ခြင်းဆိုင်ရာ ကိစ္စရပ်များနှင့် တီထွင်မှုမူပိုင်ခွင့် အကျိုးဆောင် ကိုယ်စားလှယ်မှတ်ပုံတင်လျှောက်ထားခြင်းဆိုင်ရာကိစ္စရပ်များအတွက် လိုအပ်သော လျှောက်လွှာ ပုံစံများသတ်မှတ်ခြင်းအမိန့်ကြော်ငြာစာကို ၁၉-၇-၂၀၂၄ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၅၄/၂၀၂၄ ဖြင့် ထုတ်ပြန်ခဲ့ပါသည်။

ယင်းအမိန့်ကြော်ငြာစာအရ တီထွင်မှုမူပိုင်ခွင့် သို့မဟုတ် အသေးစားတီထွင်မှုမူပိုင်ခွင့် ခွင့်ပြုပေးရန်လျှောက်ထားခြင်းကို (PT/UM-1) ဖြင့်လည်းကောင်း၊ တီထွင်မှုမူပိုင်ခွင့် သို့မဟုတ် အသေးစားတီထွင်မှုမူပိုင်ခွင့် လျှောက်ထားခွင့်ရှိသူဖြစ်ကြောင်း ဖော်ပြချက်ကို (PT/UM-1(a)) ဖြင့် လည်းကောင်း၊ မျိုးရိုးဗီဇ/ဇီဝအရင်းအမြစ်/ရိုးရာအသိပညာတို့ရယူသုံးစွဲထားကြောင်း ဖော်ပြချက်ကို (PT/UM-1(b)) ဖြင့်လည်းကောင်း၊ ဆောလျင်စွာ ထုတ်ပြန်ကြေညာပေးရန် လျှောက်ထားခြင်းကို (PT/UM-1(c)) ဖြင့်လည်းကောင်း၊ တီထွင်မှုမူပိုင်ခွင့် သို့မဟုတ် အသေးစားတီထွင်မှု မူပိုင်ခွင့်ကို ထုတ်ပြန်ကြေညာရာတွင် တီထွင်သူအမည် မဖော်ပြလိုကြောင်းတောင်းဆိုချက်ကို (PT/UM-1(d)) ဖြင့်လည်းကောင်း၊ ကိုယ်စားလှယ်လွှဲအပ်လွှာကို (PT/UM-2) ဖြင့်လည်းကောင်း၊ လျှောက်ထားချက် ကိုခွဲခြားလျှောက်ထားခြင်းကို (PT/UM-3) ဖြင့်လည်းကောင်း၊ ပြောင်းလဲလျှောက်ထားခြင်းကို (PT/ UM-4) ဖြင့်လည်းကောင်း၊ လျှောက်ထားချက်ကိုရုပ်သိမ်းပေးရန်လျှောက်ထားခြင်းကို (PT/UM-5) ဖြင့်လည်းကောင်း၊ ကန့်ကွက်လွှာကို (PT/UM-6) ဖြင့်လည်းကောင်း၊ ကန့်ကွက်လွှာရုပ်သိမ်းခြင်းကို (PT/UM-7) ဖြင့်လည်းကောင်း၊ တီထွင်မှုမူပိုင်ခွင့်လျှောက်ထားချက်ကို အသေးစိတ် စစ်ဆေးပေးရန်

တောင်းဆိုခြင်းကို(PT-8)ဖြင့်လည်းကောင်း၊ လျှောက်ထားချက်ကိုပြင်ဆင်ပေးရန် လျှောက်ထားခြင်းကို (PT/UM-9) ဖြင့်လည်းကောင်း၊ တီထွင်မှုမူပိုင်ခွင့် သို့မဟုတ် အသေးစားတီထွင်မှုမူပိုင်ခွင့် လက်မှတ်မိတ္တူမှန်ထုတ်ပေးရန်လျှောက်ထားခြင်းကို (PT/UM-10) ဖြင့်လည်းကောင်း၊ မှတ်ပုံတင်စာရင်းပြင်ဆင်ပေးရန်လျှောက်ထားခြင်းကို (PT/UM-11) ဖြင့်လည်းကောင်း၊ နှစ်စဉ်ကြေးပေးသွင်းခြင်းကို (PT/UM-12) ဖြင့်လည်းကောင်း၊ အခွင့်အရေးများ ပြန်လည်ပေးအပ်ရန်လျှောက်ထားခြင်းကို (PT/UM-13) ဖြင့်လည်းကောင်း၊ အခွင့်အရေးပိုင်ဆိုင်မှုလွှဲပြောင်းခြင်းကို မှတ်တမ်းတင်ပေးရန် လျှောက်ထားခြင်းကို (PT/UM-14) ဖြင့်လည်းကောင်း၊ ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းကို မှတ်တမ်းတင်ပေးရန်လျှောက်ထားခြင်းကို (PT/UM-15) ဖြင့်လည်းကောင်း၊ ခွင့်ပြုချက်ဖြင့်လုပ်ကိုင်ခွင့်ပေးခြင်းအား မှတ်တမ်းတင်ခြင်းကို ပယ်ဖျက်ပေးရန်လျှောက်ထားခြင်းကို (PT/UM-16) ဖြင့်လည်းကောင်း၊ မလွဲမသွေပေးရမည့်လိုင်စင်လျှောက်ထားခြင်းကို(PT/UM-17)ဖြင့်လည်းကောင်း၊ ပြန်လည်အပ်နှံရန်လျှောက်ထားခြင်းကို (PT/UM-18) ဖြင့်လည်းကောင်း၊ တီထွင်မှုမူပိုင်ခွင့် သို့မဟုတ် အသေးစားတီထွင်မှုမူပိုင်ခွင့်ရုပ်သိမ်းပေးရန်လျှောက်ထားခြင်းကို (PT/UM-19) ဖြင့်လည်းကောင်း၊ ကိုယ်စားလှယ်လွှဲအပ်ခြင်းကိုပယ်ဖျက်ပေးရန် သို့မဟုတ် ပြောင်းလဲပေးရန်လျှောက်ထားခြင်းကို (PT/UM-20)ဖြင့်လည်းကောင်း၊ တီထွင်မှုမူပိုင်ခွင့်အကျိုးဆောင်ကိုယ်စားလှယ်မှတ်ပုံတင်လျှောက်ထားခြင်းကို (PT/UM-21) ဖြင့်လည်းကောင်း၊ တီထွင်မှုမူပိုင်ခွင့်အကျိုးဆောင်ကိုယ်စားလှယ် မှတ်ပုံတင်သက်တမ်းတိုးပေးရန်လျှောက်ထားခြင်းကို (PT/UM-22) ဖြင့်လည်းကောင်း၊ အယူခံလျှောက်ထားခြင်းကို (PT/UM-23) ဖြင့်လည်းကောင်း၊ မှတ်ပုံတင်စာရင်းရှိအချက်အလက်၊စာရွက်စာတမ်းများကို မိတ္တူကူးယူခွင့်လျှောက်ထားခြင်းကို(PT/UM-24) ဖြင့်လည်းကောင်း၊ အချိန်ကာလတိုးမြှင့်ပေးရန်လျှောက်ထားခြင်းကို (PT/UM-25) ဖြင့်လည်းကောင်း လျှောက်ထားနိုင်ကြောင်း သိရှိရပါသည်။

တီထွင်မှုမူပိုင်ခွင့် သို့မဟုတ် အသေးစားတီထွင်မှု မူပိုင်ခွင့်မှတ်ပုံတင်ခြင်းဆိုင်ရာကိစ္စရပ်များနှင့် တီထွင်မှုမူပိုင်ခွင့် အကျိုးဆောင်ကိုယ်စားလှယ် မှတ်ပုံတင်လျှောက်ထားခြင်းဆိုင်ရာကိစ္စရပ်များ အတွက် လိုအပ်သောလျှောက်လွှာပုံစံများထုတ်ပြန်ခြင်းဖြင့် တီထွင်မှုမူပိုင်ခွင့် သို့မဟုတ် အသေးစား

တီထွင်မှုမူပိုင်ခွင့်လျှောက်ထားသူများက မှတ်ပုံတင်လျှောက်ထားရာတွင် လျှောက်ထားလိုသည့် ကိစ္စရပ်များအလိုက် လွယ်ကူချောမွေ့စွာ လျှောက်ထားဆောင်ရွက်နိုင်ခြင်း၊ မှတ်ပုံတင်အရာရှိက စိစစ်ရာတွင်လည်း လွယ်ကူလျင်မြန်စွာဖြင့် ဆောင်ရွက်နိုင်ခြင်း၊ လုပ်ငန်းစဉ်များ စနစ်တကျ ဆောင်ရွက်နိုင်ခြင်းဖြင့် မှတ်ပုံတင်လျှောက်ထားရာတွင် လုပ်ငန်းစဉ်များ လွယ်ကူချောမွေ့စေခြင်း စသည့် အကျိုးကျေးဇူးများရရှိမည်ဖြစ်ပါသည်။

နည်းဥပဒေ၊လုပ်ထုံးလုပ်နည်း၊အမိန့်နှင့် ညွှန်ကြားချက်များစိစစ်ရေးဌာနခွဲ
ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

သတင်းအရင်းအမြစ်: စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ(၂) အမှတ် (၃၀)    ၂၀၂၄ ခုနှစ် ဩဂုတ်လ ၉ ရက်

## အိန္ဒိယနိုင်ငံတွင် Cryptocurrencies နှင့်စပ်လျဉ်း၍ ဆောင်ရွက်နေမှုများကို လေ့လာတင်ပြခြင်း

အိန္ဒိယနိုင်ငံသည် ၂၀၂၄ခုနှစ်၊ စက်တင်ဘာလတွင် cryptocurrencies နှင့်သက်ဆိုင်သည့် မူဝါဒဆိုင်ရာရပ်တည်ချက်ကို အလေးပေးဖော်ပြထားသည့် ဆွေးနွေးချက်စာတမ်းကို ထုတ်ပြန်ရန် စီစဉ်လျက်ရှိပါကြောင်း၊ အဆိုပါစာတမ်းသည် cryptocurrencies ကိုထိန်းချုပ်ရန် ဥပဒေပြဋ္ဌာန်းခြင်းကိုအကြံပြုထားခြင်းမဟုတ်ဘဲ အစုရှယ်ယာရှင်များနှင့်ညှိနှိုင်းသဘောတူညီချက်များကို အခြေခံ၍ဖော်ပြသွားမည်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

အိန္ဒိယနိုင်ငံတွင် Reserve Bank of India (RBI) နှင့် Securities and Exchange Board of India (SEBI)စသည့်အဖွဲ့အစည်းများသည် ပိုမိုကျယ်ပြန့်သော cryptocurrency မူဝါဒကိုဖော်ဆောင်လျက်ရှိကြောင်းတွေ့ရှိရပြီး အဆိုပါအဖွဲ့သည် မက်ခရိုစီးပွားရေးအန္တရာယ်များကြောင့် ပေါ်ပေါက်လာနိုင်သည့် cryptocurrencies ကို တားမြစ်ရန် စည်းမျဉ်းထုတ်ပြန်ခြင်းနှင့်စပ်လျဉ်း၍ မတူညီသည့်ကွဲပြားမှုများရှိနေကြောင်း တွေ့ရှိရပါသည်။

အိန္ဒိယနိုင်ငံတွင် မူးယစ်ဆေးဝါးနှင့်ဆက်နွှယ်သောရာဇဝတ်မှုများတွင် Cryptocurrency အသုံးပြုမှုများ သိသာထင်ရှားစွာတိုးမြင့်လာကြောင်း တွေ့ရှိရပါသည်။ အဆိုပါ ဒစ်ဂျစ်တယ်ငွေကြေးများအလွဲသုံးစားလုပ်ခြင်းကို တိုက်ဖျက်ရန်အတွက် Cryptocurrency ဆိုင်ရာ အထူး Task Force ဖွဲ့စည်းထားပြီး ဒစ်ဂျစ်တယ်ငွေကြေးသုံးစွဲမှု သံသယဖြစ်ဖွယ်များနှင့် မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့်အရောင်းအဝယ်များကို Task Force မှ စောင့်ကြည့်မည်ဖြစ်ကြောင်းတွေ့ရှိရပါသည်။

Cryptocurrency ကို ထိန်းချုပ်ခြင်းသည် တိုးတက်မှုကို ဟန့်တားရန်မဟုတ်ဘဲ အနာဂတ်အတွက်လုံခြုံပြီး တာဝန်ယူမှုရှိသော အခြေခံအုတ်မြစ်တစ်ခုကို တည်ဆောက်ရန်ဖြစ်ပါသည်။ သို့ဖြစ်ရာ အိန္ဒိယနိုင်ငံတွင် cryptocurrencies နှင့်စပ်လျဉ်း၍ ပြီးပြည့်စုံသော ဥပဒေ၊ နည်းဥပဒေများ မရှိသေးသဖြင့် တရားမဝင်လုပ်ဆောင်ချက်များကို တိုက်ဖျက်ရန်နှင့်ဘဏ္ဍာရေးတည်ငြိမ်မှုကို အာမခံပေးရန်တို့အတွက် ကောင်းမွန်စွာစီမံထားသောစည်းမျဉ်းများကို အကောင်အထည်ဖော်ရန်ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

အိန္ဒိယနိုင်ငံတွင် Cryptocurrency သည် လူသိများလာသောကိစ္စရပ်ဖြစ်သော်လည်း မရှင်းလင်းသောစည်းမျဉ်းများနှင့်လုံခြုံရေးပြဿနာများကဲ့သို့ စိန်ခေါ်မှုများရှိနေပါသည်။ သို့ဖြစ်ရာ အိန္ဒိယသည်ငွေကြေးပါဝင်မှုနှင့်ပိုမိုလွယ်ကူသော ရင်းနှီးမြှုပ်နှံမှုများအတွက် အခွင့်အလမ်းများရှိနေသော်လည်း ရှင်းလင်းသော စည်းမျဉ်းများဖန်တီးရန်၊ လူများကို ပညာပေးရန်နှင့် နည်းပညာမြှင့်တင်ရန် လိုအပ်လျက်ရှိနေကြောင်း သိရှိရပါသည်။

စီးပွားရေးစာချုပ်စာတမ်းဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်များ

https://www.coindesk.com/policy/2024/07/25/india-to-release-its-crypto-policy-stance-by-september-after-stakeholder-consultations-report/#:~:text=India%20is%20planning%20to%20release,in%20the%20%22coming%20months.%22

https://cryptonews.com/news/india-to-release-landmark-crypto-policy-paper-in-september.htm

## ဖိလစ်ပိုင်နိုင်ငံက နျူကလီးယားပျက်စီးမှုဆိုင်ရာ ဖြည့်စွက်လျော်ကြေးငွေကွန်ဗင်းရှင်းတွင် ဝင်ရောက်ရန် ဆွေးနွေးလျက်ရှိခြင်း

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင် ဇူလိုင်လအတွင်း ကျင်းပခဲ့သော နျူလီးယားပျက်စီးမှုဆိုင်ရာ ဖြည့်စွက်လျော်ကြေးငွေ ကွန်ဗင်းရှင်း Convention on Supplementary Compensation for Nuclear Damage (CSC) ဆိုင်ရာ ဒေသတွင်းအလုပ်ရုံဆွေးနွေးပွဲကို ဖိလစ်ပိုင်သမ္မတနိုင်ငံအစိုးရနှင့် ပူးပေါင်း၍ အပြည်ပြည်ဆိုင်ရာအဏုမြူစွမ်းအင်အေဂျင်စီ IAEA တို့မှ အရှေ့တောင်အာရှနိုင်ငံများ အသင်း(အာဆီယံ) အပါအဝင် ဒေသတွင်းရှိ ကမ္ဘာ့နျူကလီးယားတာဝန်ယူမှုစနစ်တွင် (CSC)၏ အခန်းကဏ္ဍကိုဆွေးနွေးခဲ့ကြပြီး နိုင်ငံပေါင်း (၈)နိုင်ငံက ပါဝင်သူ ၃၀ ကျော် တက်ရောက်ခဲ့ကြရာ CSC နှင့်စပ်လျဉ်းသည့် အကျိုးသက်ရောက်မှုများကို ဆွေးနွေးခဲ့ကြပါသည်။ ထိုဆွေးနွေးပွဲအပြီးတွင် IAEA နှင့် ဖိလစ်ပိုင်နိုင်ငံတို့သည် CSC အား ဝင်ရောက်ရန် ဆက်လက်ဆွေးနွေးလျက်ရှိကြောင်း သိရှိရပါသည်။

Philippine Nuclear Research Institute(PNRI) ၏ ဒါရိုက်တာ Carlo Arcilla က နျူကလီးယား စွမ်းအင်မိတ်ဆက်ခြင်းဆောင်ရွက်နေချိန်တွင် ဖိလစ်ပိုင်သည် လူပုဂ္ဂိုလ်များ၊ သဘာဝပတ်ဝန်းကျင်နှင့်ပစ္စည်းများအား နျူကလီးယားပျက်စီးမှုအတွက်အာမခံချက်ရှိပြီး အဓိပ္ပါယ်ရှိသော လျော်ကြေးငွေကို ခိုင်မာသောတာဝန်ယူမှုနှင့်လျော်ကြေးဆိုင်ရာမူဘောင်တစ်ရပ်အဖြစ် ထူထောင်ရန် ကြိုးပမ်းနေကြောင်း၊ ခေတ်မီနျူကလီးယားတာဝန်ယူမှုကွန်ဗင်းရှင်းတစ်ခုအနေဖြင့် CSC သည် အများသူငှာအတွက် အကောင်းဆုံးသောအကာအကွယ်ကို ပေးဆောင်နေကြောင်း ပြောကြားခဲ့သည်။

မလေးရှားနိုင်ငံ၊ အဏုမြူစွမ်းအင်ဌာနမှ သိပ္ပံအရာရှိ Siti Afidah Binti Awang က ဖိလစ်ပိုင်နိုင်ငံနှင့် ကမ္ဘာလုံးဆိုင်ရာ နျူကလီးယားတာဝန်ယူမှုဆိုင်ရာမူဘောင်သာမက ဒေသဆိုင်ရာမူဘောင်တစ်ရပ်ကိုထူထောင်ရာတွင် CSC ရဲ့ အခန်းကဏ္ဍကို မီးမောင်းထိုးပြတဲ့အတွက် အလွန်အသုံးဝင်ကြောင်း၊ အာဆီယံနိုင်ငံများနှင့် အနီးတစ်ဝိုက်ရှိ အခြားနိုင်ငံများအတွက် အနာဂတ်တွင် Nuclear Power Plants ရှိနိုင်ခြေရှိသောနိုင်ငံများအတွက်သာမက Nuclear Power Plants မရှိသော

အိမ်နီးချင်းများနှင့် ကမ်းရိုးတန်းနိုင်ငံများအတွက်လည်း ရေပိုင်နက်မှ နျူကလီယားပစ္စည်းများ သယ်ယူရာတွင် ပျက်စီးမှုအာမခံရနိုင်ကြောင်း ပြောကြားခဲ့ပါသည်။

IAEA ၊ နျူကလီးယားတာဝန်ယူမှုဆိုင်ရာနိုင်ငံတကာကျွမ်းကျင်သူအဖွဲ့(INLEX)၏ ၂၀၁၂ခုနှစ် အကြံပြုချက်များနှင့် ကမ္ဘာလုံးဆိုင်ရာနျူကလီးယားတာဝန်ယူမှုစနစ်သို့ပူးပေါင်းခြင်း၏ အကျိုးကျေးဇူးများဆိုင်ရာ ၂၀၂၂ ခုနှစ် ထုတ်ပြန်ချက်၌ CSC တွင် နျူကလီးယားပျက်စီးမှုကြောင့်အမျိုးသားဥပဒေအရ ရရှိနိုင်သော လျော်ကြေးငွေပမာဏကို ဖြည့်စွက်ရန် အပြည်ပြည်ဆိုင်ရာရန်ပုံငွေအပါအဝင် တိုးမြှင့်လျော်ကြေးငွေကို မြှင့်တင်ရန်အချက်များ ပါဝင်ကြောင်း သိရှိရပါသည်။

ဥပဒေသုတေသနဌာနခွဲ
ဥပဒေအသိပညာပြန့်ပွားရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

Sources

[https://www.iaea.org/newscenter/news/convention-on-supplementary-compensation-for-nuclear-damage-enabling-nuclear-power-projects-in-asia-and-the-pacific](https://www.iaea.org/newscenter/news/convention-on-supplementary-compensation-for-nuclear-damage-enabling-nuclear-power-projects-in-asia-and-the-pacific)

# ဥပဒေရေးရာဝန်ကြီးဌာန

## အပတ်စဉ်သတင်းလွှာ

အတွဲ(၂) အမှတ် (၃၀)　　၂၀၂၄ ခုနှစ် ဩဂုတ်လ ၉ ရက်


**ဥပဒေရေးရာဝန်ကြီးဌာန၊ အပတ်စဉ်သတင်းလွှာအား ဥပဒေရေးရာဝန်ကြီးဌာန website တွင် အောက်ပါအတိုင်း ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။**

